# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## ရက်(၁၀၀)စီမံချက်

## စာရင်းနှင့်စာရင်းစစ်ပြပွဲ(၂၀၁၆)မှတ်တမ်း



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | ၅ |
| ၂။ | ၁. ၆. ၂၀၁၆ နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ပြည်သူ့အတွက် ပထမ ရက် ၁၀၀ | ၆ |
| ၃။ | ၅. ၆. ၂၀၁၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ရက် ၁၀၀ အမေးအဖြေ | ၉ |
| ၄။ | ၅. ၆. ၂၀၁၆ နေ့ထုတ် ကြေးမုံသတင်းစာပါ ရက် ၁၀၀ ဆောင်းပါး | ၁၂ |
| ၅။ | ပြပွဲအောင်မြင်စွာကျင်းပရန် ကြိုတင်ပြင်ဆင်မှု ဓာတ်ပုံများ | ၁၇ |
| ၆။ | နိုင်ငံတော်သမ္မတ၏ဇနီးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက တို့အား ကြိုဆိုညှော်ခံမှုဓာတ်ပုံများ | ၂၁ |
| ၇။ | ဧည့်သည်တော်မှတ်တမ်းတွင် ရေးသားထားသည့် အမှတ်တရစာစုများ | ၂၄ |
| ၈။ | ပြပွဲတွင် ပါဝင်ဆောင်ရွက်သော ရှေ့ကြိုများနှင့် အခမ်းအနားမှူးများ ဓာတ်ပုံ | ၃၀ |
| ၉။ | ပြပွဲ(ပထမနေ့)အခမ်းအနား အစီအစဉ် | ၃၂ |
| ၁၀။ | ဖွင့်ပွဲအခမ်းအနားဓာတ်ပုံများ | ၃၃ |
| ၁၁။ | ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား | ၃၅ |
| ၁၂။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက၏ အဖွင့်အမှာစကား | ၃၇ |
| ၁၃။ | မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းသင်၏ အဖွင့်အမှာစကား | ၃၉ |
| ၁၄။ | နိုင်ငံတော်သမ္မတ၏ဇနီးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက တို့အား ပြပွဲအထိမ်းအမှတ်ပစ္စည်းပေးအပ်သည့် ဓာတ်ပုံများ | ၄၁ |
| ၁၅။ | ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အမှတ်တရဓာတ်ပုံ | ၄၂ |
| ၁၆။ | ပြပွဲအောင်မြင်စွာကျင်းပရန် ဦးဆောင်ခဲ့ကြသည့် မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များ အမှတ်တရဓာတ်ပုံ | ၄၃ |
| ၁၇။ | ပြခန်းများအား လှည့်လည်ကြည့်ရှုသည့် ဓာတ်ပုံများ | ၄၅ |
| ၁၈။ | အခွန်ဥပဒေနှင့် စာရင်းပညာရှင်များ၏အခန်းကဏ္ဍ ဆွေးနွေးပွဲ | ၄၉ |
| ၁၉။ | နိုင်ငံပိုင်ကဏ္ဍစာရင်းစံ ဆွေးနွေးပွဲ | ၇၀ |
| ၂၀။ | ပုဂ္ဂလိကကဏ္ဍစာရင်းစံ ဆွေးနွေးပွဲ | ၈၇ |
| ၂၁။ | ပြပွဲ(ဒုတိယနေ့)အခမ်းအနား အစီအစဉ် | ၁၀၉ |
| ၂၂။ | မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်စာရင်းကိုင်များ၏ အခန်းကဏ္ဍ ဆွေးနွေးပွဲ | ၁၁၀ |
| ၂၃။ | စာရင်းပညာရှင်များ၏ ကျင့်ဝတ်သိက္ခာ ဆွေးနွေးပွဲ | ၁၃၂ |
| ၂၄။ | ရန်ကုန်စတော့အိတ်ချိန်း ဆွေးနွေးပွဲ | ၁၅၆ |
| ၂၅။ | ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အပိတ်မိန့်ခွန်း | ၁၈၃ |
| ၂၆။ | ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနား ဓာတ်ပုံများ | ၁၈၈ |
| ၂၇။ | ပြခန်းစာရင်းနှင့် ပြခန်းဓာတ်ပုံများ | ၁၉၆ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၈။ | ပြခန်းများ၏လက်ကမ်းကြော်ငြာစာစောင်ဓာတ်ပုံများ | ၂၀၃ |
| ၁၉။ | ပြပွဲအထိမ်းအမှတ်ပစ္စည်းများ၊ ဖွင့်ပွဲအခမ်းအနားဖိတ်ကြားလွှာ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ဓာတ်ပုံ | ၂၁၀ |
| ၂၀။ | သတင်းကဏ္ဍ | ၂၁၁ |
| ၂၁။ | ကြော်ငြာကဏ္ဍ | ၂၄၈ |
| ၂၂။ | အစိုးရကဏ္ဍနိုင်ငံတကာစာရင်းစံ ကျင့်သုံးရေးဆိုင်ရာ ရှင်းလင်းဆွေးနွေး | ၂၅၃ |
| ၂၃။ | လုပ်ငန်းလုပ်ဆောင်ရာတွင် စည်းစည်းလုံးလုံးဆောင်ရွက်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်မှာကြား | ၂၅၄ |
| ၂၄။ | ၃၀. ၈. ၂၀၁၆ ရက်နေ့ ပြန်ကြားရေးဝန်ကြီးဌာနတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ လက်ကမ်းစာစောင်များ | ၂၅၅ |
| ၂၅။ | ၃၀. ၈. ၂၀၁၆ရက်နေ့ ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ တင်ပြသည့် Powerpoint Slide များ | ၂၅၆ |
| ၂၆။ | ၃၀. ၈. ၂၀၁၆ ရက်နေ့ ပြန်ကြားရေးဝန်ကြီးဌာနတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် | ၂၇၀ |
| ၂၇။ | ၃၁. ၈. ၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ရက် ၁၀၀ သတင်းစာရှင်းလင်းပွဲ သတင်း | ၂၇၂ |
| ၂၈။ | ကျေးဇူးတင်လွှာ | ၂၇၄ |
| ၂၉။ | ABBREVIATIONS AND ACRONYMS | ၂၇၅ |


## ကဗျာ


| | စာမျက်နှာ |
| --- | --- |
| သမိုင်းမော်ကွန်းတည်စေထွန်း | ၁၆ |
| ဆန်းသစ်အောင်ပွဲ | ၆၅ |
| ထူးတဲ့အောင်ပွဲ | ၈၂ |
| အလေ့အကျင့် | ၁၀၆ |
| အဖြူရောင်နှလုံးသား | ၁၂၄ |
| တို့ရဲ့အောင်ပွဲ | ၁၂၉ |
| ခွင့်လွှတ်ပါမောင် | ၁၂၉ |
| စာရင်းစစ် | ၁၄၇ |
| Audit Pencil တစ်ချောင်း | ၁၇၂ |
| အမွေ | ၁၇၈ |
| မှန်စစ်သည် | ၁၈၆ |
| အဖိုးပြည်တန်ဒို့အားမာန် | ၁၈၇ |
| စာရင်းစစ်သစ္စာ | ၂၁၅ |
| ပုံရိပ်ကောင်း | ၂၁၅ |
| စာရင်းစစ်ဆိုတာ | ၂၁၈ |
| ကျေးဇူးတင်မော်ကွန်း | ၂၃၉ |
| ပြန်ဆုံချင်တာ A&A Fair မှာ | ၂၄၇ |


## ဂုဏ်ယူဝင့်ကြွား မိတ်ဆက်စကား


**စာမျက်နှာ** - ၆၅၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉


## ရင်တွင်းဖြေကြား သုံးသပ်စကား


**စာမျက်နှာ** - ၂၃၀၊ ၂၃၁၊ ၂၃၂၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊
၂၃၇၊ ၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊
၂၄၃၊ ၂၄၄၊ ၂၄၅၊ ၂၄၆

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် စာရင်းကိုင်များ၏ အခန်းကဏ္ဍဆွေးနွေးပွဲ




**ဦးဆောင်ဆွေးနွေးသူ**

ဦးမင်းစိန်၊ တရားလွှတ်တော်ရှေ့နေ

**ပါဝင်ဆွေးနွေးသူများ**

၁။ ဦးဝင်းသင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံစာရင်းကောင်စီ

၂။ ဦးအောင်နိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

၃။ ဦးအေးလွင်၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

## ရန်ကုန်စတော့အိတ်ချိန်း ဆွေးနွေးပွဲ




ဦးဆောင်ဆွေးနွေးသူ

ဦးတင်ဝင်းအောင်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း

ပါဝင်ဆွေးနွေးသူများ

၁။ ဦးစိုးသိန်း ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ AGD ဘဏ်

၂။ ဦးသိန်းဦး ၊အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း

၃။ ဒေါက်တာအောင်သူရ၊ အမှုဆောင်အရာရှိချုပ်၊Thura Swiss Co.,Ltd

## ရင်တွင်းပြောကြားသုံးသပ်စကား

### သန်းဇော်



**ပြောင်းလဲခြင်း၊ အချစ်နဲ့ Ethic**

A&A Fair ကအပြန်၊ ရင်ထဲကျန်နေတဲ့ အတွေး တစ်စအတွက် စာရေးပါရစေတော့ Admin . . .။

၁) အချစ်ဟောင်းနဲ့ ပြန်ဆုံခြင်း...။

ကျောင်းနေဖော် သူငယ်ချင်းတွေနဲ့ ပြန်ဆုံကြပြီဆိုတော့လေ ရင်ထဲမှာ ဘာလိုလိုရယ်။ ရုတ်တရက် သူ့ကိုတွေ့တော့

" ဩော် သူက အရင်လို ကြည့်ကောင်းတုန်းပါလား။ ဟိုတုန်းကလို ခေါ်လိုက်ချင်ရဲ့။ ပြောနေကျ စကားတွေ သူနဲ့တွေ့တုန်း ပြောချင်သေးရဲ့။ တို့တစ်တွေ အရင်ကလေ...."

အတွေးကလေးမှ မဆုံးခင် သူ့ဘေးကလူကိုမြင်မှ သတိတွေဝင်လာမိတယ်။

"သူ အိမ် ထောင် ကျ သွား ပြီ ထင်ပါရဲ့ ..။"

မနောကံနဲ့ ကျူးလွန်မိရင် ခွင့်လွှတ်ပါတော့ မိဟဝ္ဂါရေ။ အချိန်တွေကြာခဲ့ပြီဆိုပေမယ့် ရင်ထဲမှာ ရုတ်တရက်ကြီးလိုပဲနော်။ အချစ်ဟောင်းမို့ နှစ်ပေါင်းကြာလည်း မစွန့်လွှတ်ချင်သလိုလို စိတ်ထဲကတော့ ရှိသား။

၂) အကျင့်ဟောင်းနဲ့ ပြန်ဆုံခြင်း...။

ဟောခန်းထဲဝင် ဟောပြောတာ စတင်ပြီဆိုရင်ပဲ၊ အဲခေတ်ဟောင်း စနစ်ဟောင်း နဲ့ အကျင့်ဟောင်းလေး မစွန့်လွှတ်နိုင်တဲ့ လူတွေ တွေ့ရပြန်ရော့ဗျာ။ စင်ပေါ်ကပုဂ္ဂိုလ်တွေ International တွေ ပြောသကိုး။ စာရင်းမရှိအင်းမရှိတဲ့ခေတ်ကနေ Ethic တွေအကြောင်း လွှတ်တင်သကိုး။ ခင်ဗျားတို့ သတိထားမိခဲ့ရင် မပြောင်းချင်တဲ့ လူတွေကို အကျင့်မကောင်းလို့များလားလို့ မတွေးလိုက်ပါနဲ့ဗျာ။ မဟုတ်လောက်ပါဘူး ပရိသတ်ကြီးရေ။

ကျွန်တော်ကလေ မစွန့်လွှတ်နိုင်တာ "အချစ်ဟောင်း"၊ သူတို့က မစွန့်လွှတ်နိုင်တာ "အကျင့်ဟောင်း"။ ကိုယ်ချင်းစာစိတ်နဲ့ တွေးကြည့်ရင်တော့ တူတယ်လေ။ ဘာတူသလဲမေးရင် မပြောင်းချင်တဲ့စိတ်က တူနေလို့ပါ။ ဥပမာ ပေးရရင်တော့ ...

တစ်ခါကလေ... ။

လူတစ်ယောက်၊ သူနေ့စဉ် ဝင်ထွက်နေကျ သူ့အိမ်ရဲ့ တံခါးမကြီးဟာ ပတ္တာတွေက သံချေးတက်လို့ အဖွင့်လည်းခက် အပိတ်လည်းခက်။ သို့ပေမဲ့ လွယ်ပါတယ်။ ပခုံးနဲ့ အသာဖိ တကျိုကျိုနဲ့ အားစိုက်တွန်းရင်း နေ့စဉ် ဝင်ထွက်ခြင်းက သူ့အတွက် နေသားကျနေပုံ ရပါတယ်။ တစ်နေ့တော့ အိမ်သား တစ်ယောက်က ပတ္တာတွေကို ချောဆီထည့်၊ တံခါးရွက်တွေကို အသာတကြည် ဖွင့်ပိတ်နိုင်အောင် ပြုပြင်လိုက်ပါတယ်။ ဒါကို သတိမမူမိတဲ့ ကိုရွှေချောကတော့ အပြင်ကနေ အိမ်ပြန်အရောက်၊ ပုခုံးက တံခါးရွက်ပေါ်အော်တိုဖိ၊ အားထည့်လို့ တအားနဲ့ ဖွင့်လိုက်တဲ့အခါမတော့ "ဝုန်း" ကနဲ ကြမ်းပြင်ပေါ်လဲကျပါတော့တယ်။

ရုတ်တရက် အင်မတန်မှ စိတ်ဆိုးမိတယ်။ အသားနာရင် ဒေါသပါတတ်တာ လူ့သဘာဝပဲ မဟုတ်ပါလား။ သို့သော် ဒေါသ၊ ဒေါသ။ ဘယ်သူ့ခေါင်းစဉ် တပ်ရပ့ါ။ တံခါးပြင်လိုက်တဲ့ လူကိုလား။ အိုဗျာ သူက ကောင်းအောင်လုပ်သွားတာပဲ။ ဒါဆို ကိုယ့်ဘာသာကိုယ် သတိမမူမိတာပဲ အပြစ်တင်ရတော့မလား။ ဟာဗျာ ကျုပ်ကလုပ်နေကျ အကျင့်ပါနေလို့ပါ။ ဒါဆို ဒေါသဖြစ်ရတဲ့ အကြောင်းအရင်းက ...။ ရုတ်တရက် လက်မခံနိုင်တဲ့စိတ်။ ဟုတ်ပါတယ်၊ အဲဒီစိတ်။ သူ့ကိုယ်သူ ရှာတွေ့ချိန်မှာတော့ ဒေါသတွေ ဖြေလျှော့နိုင်ခဲ့ပါတယ်။

ဟုတ်ပါတယ်၊ ပြောင်းလဲခြင်းကို ရုတ်တရက် လက်မခံနိုင်တဲ့စိတ်။ ပြောင်းတာမှ ကောင်းသော ပြောင်းလဲခြင်းပဲ။ ဒါပေမဲ့ လူ့သဘာဝဆိုတာ ခက်သား။

လက်နဲ့ ထမင်းစားနေရာက ဇွန်းခက်ရင်းနဲ့စားခိုင်းတဲ့အခါ အရသာမတွေ့သလို ခံစားရတဲ့စိတ်။

ထန်းလျက်ခဲစားမှ အရသာရှိပါတယ်ဆိုမှ ချောကလက် ကောင်းကြောင်း တသွင်သွင်ပြောနေတဲ့ လူတွေကြား မအီမသာဖြစ်ရတဲ့စိတ်။

A&A Fair ကြီးက အပြောင်းအလဲတစ်ခုအတွက် မောင်းတီးပြလိုက်တယ်လို့ ဆိုပါရစေ။ အကြည့်မတူလို့ သတိမမူရင် အကျနာမှာ စိုးလှပါတယ်။

" စိတ် " မပြောင်းချင်လည်း ပြောင်းရမယ့် စိတ်။

" Ethic " မကျင့်ချင်လည်း ကျင့်ရမယ့် ခေတ်။

" အချစ် " ....

ချစ်ပေမယ့်လည်း Ethic ကို အရင်းပြုလို့ အသစ်ပြောင်းတဲ့ အချစ်ဟောင်းကြီးကိုလေ အကျင့်မကောင်းဘူးလို့ မဆိုရက်တော့ပါဘူးကွယ်။

### Soe Win Nwe



စနစ်ပြောင်းဖို့အတွက် လုပ်ငန်းရှင် ဦးအေးလွင် ထောက်ပြသွားတဲ့ စနစ်ဟောင်းက အဆိုးတွေကို ထောက်ပြ သွားတာအရမ်း ကောင်းပါတယ်။ အမှန်တွေပါ။ အစိုးရသစ်လက်ထက်မှာ ပြုပြင်ပြောင်းလဲမှုတွေကို အဲဒီလို မဖြစ်အောင် လုပ်စေချင်ပါတယ်။



## Han Tin

ပြောချင်တယ် ဒါပေမဲ့ မပြောရဲဘူး



စာရင်းစစ်ပြပွဲကြီးက စီစဉ်သူတွေလည်း လုပ်နေကျမဟုတ်ဘဲနဲ့ အကောင်းဆုံး လုပ်ခဲ့ကြတာဆိုတော့ ပထမပြောမယ်ကြံထားတဲ့ ထိုင်ခုံ မရလို့ တစ်နေကုန် နီးပါး အပြင်မှာယောင်လည်လည်နေခဲ့ရတဲ့ မပြေလည်မှုလေးကို မပြောတော့ပါဘူး။ တကယ်က မင်္ဂလာဆောင်တွေမှာလို သတို့သမီးဘက်သတို့သားဘက်ခွဲထားရင် နေရာများ ရနိုင်ကောင်းရဲ့ တွေးမိတာလဲ မပြောတော့ပါဘူး။

ထိုင်ခုံသတ်မှတ်ထားတဲ့ အမျိုးသားဇာတ်ရုံကို ရွှေထွန့်တင် ကွင်းလို လူတွေအများကြီး သွင်းခဲ့တာကလည်း ပွဲစည်စေချင်တဲ့ စေတနာလို့ တွေးမိတဲ့အကြောင်းလဲ မပြောတော့ပါဘူး။

အစီအစဉ်ရဲ့ နောက်ဆုံးဆက်ရှင်ကျမှ ပြန်သွားတဲ့ ကျေးဇူးရှင် တစ်ယောက်ရဲ့ နေရာလေးလွတ်လို့ အထဲကသယ်ချင်း တစ်ယောက် လှမ်းခေါ်မှ အတင်းဝင်လု ထိုင်ခဲ့ရတာလည်း မပြောတော့ပါဘူး။

နောက်ဆုံးမိနစ်ဆွေးနွေးချက်ကလေး။ ဒါလေးကတော့ ကိုယ့် သဘောနဲ့လည်းတိုက်ဆိုင်လို့ မပြောရဲပြောရဲနဲ့ ထပ်ဆင့်ရေးလိုက်ပါရစေ။ ဦးအေးလွင်ရဲ့ နောက်ဆုံးကွန်မန့်လေးပါ။ သူ့စကားအတိုင်း ထပ်တူမဟုတ်ပေမယ့် ဒီသဘောလို့ပဲနားလည်မိလို့ ပြန်ရှယ်ပါရစေ။

ဆရာ ဆရာမတို့က အင်တာနေရှင်နယ် လယ်ဗယ်တွေကို ဆွေးနွေး နေကျတာကို လက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အောက်ခြေ လယ်ဗယ်မှာ လွတ်နေတာလေးကိုလည်း ငုံ့ကြည့်ကြပါဦး။ ကျွန်တော် ဆွေးနွေးဖြစ်ရင်လည်း ဒီတစ်ခုပဲ ပြောဖြစ်မှာပါ။ ဒါပေမဲ့ မပြောရဲပါဘူးဗျာ။



စာရင်း နှင့်
စာရင်းစစ်
မြင့်မားတိုးတက်ရန်

## Kyaw Lwin Oo



ကျွန်တော့်အတွက် Points to Ponder ပြောမလား Harbinger ပဲပြောမလား ပွဲစမဖွင့်ခင်ကတည်းက သွန်ချသလိုရောက်လာတဲ့ ရောင်စုံ လူအုပ်ကြီးကို ကြည့်ပြီး မြန်မာပြည်မှာ မကြာခင် အရမ်းပေါ်ပြူလာဖြစ်လာမယ့် နယ်ပယ်ကတော့ Accounting & Finance နယ်ပယ်ဆိုတာ သေချာသွားပါပြီ။

CPE Hour ပေးမယ်ဆိုလို့ ရောက်လာသူတချို့ က လက်မှတ် တစ်ကြိမ်ထိုးပြီး တစ်နေကုန် ပွဲကိုနားမထောင်ဘဲ CPE Hour အပြည့်လိုချင်နေသေးတာကိုကြည့်ပြီး သူတို့အစား ရင်မောမိတယ်၊ မကြာခင်ရောက်လာမယ့် Challenges တွေအတွက် သူတို့ရင်မပူ လေသလား။

ပွဲအခြေအနေတွေ အားလုံးကိုခြုံငုံကြည့်ပြီးချိန်မှာ..Marketing သင်တန်းက Know your enemy, Know yourself ဆိုတာကိုသွားသတိရမိတယ်။ ကျွန်တော်ကတော့ ဒီလို ပြင်လိုက်ချင် တယ် Know your future, Know yourself လို့၊ ဘာလို့လဲဆိုတော့ အနာဂတ်အသစ်မှာ ကိုယ့်အခြေအနေ ကိုယ်မသိဘဲ ရွှေနေရင် သေချာတယ် မိုင်တိုင်တွေပြတ်ကျန်ခဲ့မှာ၊ အဲဒါကို သိလို့ပြင်ဆင်နေသူ တွေကိုလည်း စိတ်ထဲက ချီးကျူးမိတယ်၊ အကောင်းဆုံးက မိမိကိုယ်ကို မိမိနေ့တိုင်း ပြိုင်နေဖို့လိုတယ်။
ဆက်စပ်မိလို့ ပြောကြရင်း လမ်းတစ်ဝက်ရောက်နေပြီး တော့မှ စမှတ် ကိုပြန်သွားချင်သူများအတွက် စိတ်ထဲနှမြောမိတယ်။ အောင်လံလွှင့်နေသူတွေ ခရီးတစ်ခုကို ပြီးဆုံးအောင်လျှောက်ပြီး သွားပြီးဆင်ခြင်မိတယ်။ တွေ့တော့ဘုရား ဟောတဲ့ ဆန္ဒဓိပတိကို မိမိရိတ်သိမ်းရတာပါပဲ။ နောက်ဆုံးတော့ မိမိစိုက်တာကို မိမိရိတ်သိမ်းရတာပါပဲ။ ကျွန်တော်တို့လည်း စိုက်ခင်း မကြာခင်သူတို့ရိတ်သိမ်းကြတော့မည်။ ရေရွှတ်ညည်းတွားနေပါက ထဲထိုင်ပြီး မိုးရွာလို့ နေပူလို့ဆိုပြီး ရိတ်သိမ်းချိန်ကို မမီဘဲဖြစ်နေမှာပါ၊ သူများတွေ ကောင်းသောအတွေးများဖြင့် ဆင်ခြင်အောင်မြင်ကြပါစေ။



## ဒေါ်ယမင်းသူ

Great activity not enough seat and place but we are very satisfied and excited for wonderful crowded including our Booth's activity. Always crowded in front of our booth.

Thanks for great idea.







## Aye Thandar

မြန်မာစာရင်းကိုင်၊ စာရင်းစစ်၊ အခွန်မှုးတွေအနေနဲ့ ငါတို့ဟာ နိုင်ငံတကာဝင်ဆံ့တဲ့ professional တွေ ဖြစ်အောင် ရှိသင့်ရှိထိုက်တဲ့ ကျွမ်းကျင်မှု၊ မှန်ကန်တဲ့ဆုံးဖြတ်ချက်ချနိုင်မှု၊ ကောင်းမွန်တဲ့ အပြုအမူကိုယ်ကျင့်တရား၊ စည်းကမ်းလိုက်နာမှုစတဲ့professionalism ရှိရမယ်လို့ ခိုင်ခိုင်မာမာယုံကြည်အောင် စိတ်ဓာတ်တွေကို ပြောင်းယူဖို့လိုပါမယ်။





## Molly Tin Oo

ယနေ့အကြိုက်ဆုံးစကား

Professional accountant as Like sandwich

စာရင်းကိုင်များသည် .......

အခွန်ထမ်းနှင့်အခွန်ဌာနအကြားတွင်ညှပ်နေသော

အသားညှပ်ပေါင်မုန့်နှင့်တူပါတယ်. . .



Credit :

ဒေါ်မြမြဦး(ညွှန်ကြားရေးမှူး)

အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး



## Soe Win Nwe



အခွန်မဆောင်တဲ့ သူဌေးတွေနဲ့ အခွန်လျှော့ဆောင်ရအောင် အကြံပေးတဲ့ professional accountant တွေ ငရဲပြည်ရောက်ပြီး၊ အခွန်မရှောင်တဲ့သူဌေးတွေ နဲ့ အခွန်ပုံမှန်ဆောင်ရအောင် အကြံပေးတဲ့ professional accountant တွေ နတ်ပြည်ရောက်ပါစေလို့ Law မှာထည့် ဆွဲရင်ကောင်းမလားတဲ့ ............ဆရာဦးမိုးကျော်မှ အကြံပြုချက် At A&A Fair

